ပျဉ်းမချောင်းကျေးရွာ
ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း
# (၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ပျဉ်းမချောင်းကျေးရွာ၊ပန်းတနော်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ဇွန်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပျဉ်းမချောင်းကျေးရွာ** | ၃ |
| | **ကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွန်ပြပုံ၊အဖွဲ့အစည်းပြပုံ၊ပန်းတနော်မြို့** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား- မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၈ |

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

**စကားချီး**

ဤကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည်၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပျဉ်းမချောင်းကျေးရွာ၏ ကျေးရွာသူ/ ကျေးရွာသားများ ပါဝင် ရေးဆွဲထားသည့် ပထမဦး ဆုံးသော ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေး လုပ်ငန်းများကိုယခင် ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျပူးပေါင်းပါ ဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်း စဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကို လည်းကောင်း စွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာအားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက် အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤစီမံကိန်း တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက် လာမည့် အခက်အခဲများ ၊ ဦးစားပေး ရွေးချယ်မှုများ နှင့် လုပ်ငန်းအစီအစဉ်များကို အခြေ

အနေ ကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ် ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဇူလိုင်လ၊၂၀၂၁ခုနှစ်<br>
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>
ပျဉ်းမချောင်းကျေးရွာ<br>
ပန်းတနော်မြို့နယ်

# ပျဉ်းမချောင်းကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



# ပျဉ်းမချောင်းကျေးရွာ၏ရာသီခွန်ပြပြက္ခဒိန်



ဘဝိုင်းကျေးရွာအုပ်စု၊ပျဉ်းမချောင်းကျေးရွာ၏

ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတည်ရှိမှုပုံစံပြ( Venn Diagram )



**၁။တည်နေရာနှင့်ပထဝီဝင်အနေအထား**

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၅၈မိနစ်နှင့် ၁၇ဒီဂရီ၂၃မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၂၈မိနစ်နှင့်၉၅ဒီဂရီ၅၃မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၁၇) မိုင်ရှိပြီး တောင်မှမြောက်သို့ (၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ် ၊ တောင်ဘက်တွင် ဝါးခယ်မမြို့နယ်၊ မြောက်ဘက်တွင်ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ပျဉ်းမချောင်း ကျေးရွာသည် ပထဝီဝင် အနေအထား အရ မြေပြန့်ဒေသ ဖြစ်ပါသည်။ ဘဝိုင်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၇)မိုင်ခန့်ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာခြောက်ဆယ်ရိုးကျေးရွာ၊စာဖြူစုကျေးရွာ၊ခုနှစ်အိမ်တန်းကျေးရွာတို့ဖြစ်ပါသည်။ ပျဉ်းမချောင်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်ပါသည်။

**၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန်၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာဇန်နဝါရီလတွင်၂၃.၉၇°C ဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မဖြစ်ပါသည်။မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။

ကျေးရွာတွင် **ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များထွက်ရှိမှုမှာ သဲကိုချောင်းမြောင်းတွင်ထုတ်ယူရရှိပါသည်။သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့်ဒေသတစ်ခု လည်းဖြစ်ပါသည်။** လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီအသင့်အတင့် ကောင်းမွန်သည်။တောင်သူအားလုံးမှာ မြစ်ရေနှင့် အဝီစိတွင်းရေဖြင့် လယ်/ကိုင်မြေဧက (၃၁၈) ခန့်ကို ရေသွင်းစိုက်ပျိုးနိုင်သည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၃၁၈)ဧက ရှိပြီး စပါး၊ငရုတ်နှင့် ပဲများကို အဓိက စိုက်ပျိုးကြသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၅)ဦး၊ လယ်သမားအဖွဲ့တွင် (ကျား-၇၊မ-၄)ဦးပေါင်း(၁၁)ဦး၊ ရေလုပ်သားအဖွဲ့ တွင် (ကျား-၂၄၊မ-၂၁) ပေါင်း(၄၅)ဦး၊ အမျိုးသမီးအဖွဲ့တွင် (မ-၄၂)ဦး၊ ဘာသာရေးအဖွဲ့တွင် (ကျား-၅၊မ-၂)ပေါင်း(၇)ဦး ၊ ကျောင်းကော်မတီအဖွဲ့တွင် (ကျား-၅၊မ-၄)ပေါင်း(၉)ဦး ၊ပရဟိတအဖွဲ့ (ကျား-၁၈၊မ-၁၂)ဦးပေါင်း(၃၀)ဦးတို့သည် ကျေးရွာ၏ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ပျဉ်းမချောင် ကျေးရွာတွင် ၂.၅ဧကအောက်ဆင်းရဲသား တောင်သူများ မရှိ၊ ၂.၅ဧက မှ၅ဧကကြားရှိတောင်သူငယ်(၁၂)အိမ်ထောင်စု၊ ၅ဧကမှ၁၂.၅ဧကကြားရှိ တောင်သူလတ် (၁၅) အိမ်ထောင်စု၊ ၁၂.၅ဧကအထက်ရှိ တောင်သူကြီး ( ၁၀ ) အိမ်ထောင်စု စသည် တို့ရှိကြသည်။ အဓိက အားဖြင့် စပါး၊ငရုတ်၊ကွမ်းနှင့်ပဲများအဓိကထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် (၅၉)အိမ်ထောင်စုခန့်ရှိပြီး အများစုသည်နေ့စား/ကျပန်းအဖြစ်လုပ်ကိုင် စားသောက်ကြပါ သည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာချောင်းရေနှင့်အဝီစိတွင်းမှရရှိသောရေကိုအဓိကအသုံးပြု၍စိုက်ပျိုးရေးလုပ်ကိုင်ကြပြီးမြစ်ရေနှင့်အဝီစိတွင်းနှင့်ဝေးကွားသည့်ကိုင်မြေကေများတွင်ရေလုံလောက်စွာမရရှိသဖြင့်သီးနှံအထွက်နှုန်းမှာ(၅၀)ရာခိုင်နှုန်းလောက်သာရရှိပါသည်။ကျေးရွာရှိစိုက်ပျိုးရေးတောင်သူများတွင်တစ်ဦးချင်းပိုင်လက်တွန်းထွန်းစက်(၂၁)စီး၊ရိတ်သိမ်းစက်အငှား(၁)စီး၊ခြွေ့လှေစက်(၂)စီး၊ရေစုပ်စက်(၃၇)လုံးနှင့် မြက်ရိတ်စက်(၇)လုံး ရှိပြီး လယ်ယာ စက်ကိရိယာများအား ပြင်ပမှာ ငှားရမ်းလုပ်ကိုင်ကြသောတောင်သူများလည်းရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊အော်ဂဲနစ်မြေသြဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြားဓါတ်ဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များကိုလည်းရွှေလောင်းဈေးတွင်ဝယ်ယူရရှိနိုင်ပါသည်။သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင်တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ကုန်သည်ပွဲ

စားများမှတဆင့်သော်လည်းကောင်း၊ရောင်းချနိုင်ကြပါသည်။မိုးတွင်းကာလတွင်ရေနက်ကွင်းကိုင်ပြေ ပြေများဖြစ်သဖြင့်စိုက်ပျိုးရေးလုပ်ငန်းများကိုင်ကြနိုင်ခြင်းမရှိပါ။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု(၉)အိမ်ထောင်စုရှိပြီး နွားကောင်ရေ(၂၅)ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၃)အိမ်ရှိပြီး ဝက်ကောင်ရေ(၅)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၆၅)အိမ်ရှိပြီး ကြက်ကောင်ရေ(၃၉၃)ကောင်၊ ဘဲမွေးမြူထား သည့် အိမ်ထောင်စု(၄၀)အိမ် ရှိပြီး ဘဲကောင်ရေ(၁၂၇၁)ကောင်နှင့် ငါးကန်(၁)ကန်ရှိပြီး ငါးကောင်ရေ (၃၀၀)ခန့် မွေးမြူထားပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့် အပြင်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့်ပါတ်သက်သည့် အတွေ့ အကြုံအသိပညာများအားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

**ပျဉ်းမချောင်း ကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေး မဟုတ်ဘဲ အခြား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ** ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်အငှါးလိုက်အစရှိသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသည်။**နေ့စား အလုပ်လုပ်ကိုင်သူမှု များမှာဈေးဆိုင်ဝန်ထမ်း၊**ပန်းရံ-လက်သမားအလုပ်သမားများ **အဖြစ်သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခကျား(၅၀၀၀) ကျပ်၊မ (၃၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း (၉၆) လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသောမိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့်အသေးစား/ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့်အလုပ်နှင့်လိုက်လျောညီ ထွေဖြစ်သောအတတ်ပညာများကျွမ်းကျင်စွာ တက်မြောက်မှုမရှိခြင်းတို့ကြောင့်အလုပ်အကိုင်အခွင့် အလမ်းနည်းပါးပါသည်။လယ်ယာသီးနှံ ထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန်ဈေးကွက်အသင့်အတင့်ရှိသော်လည်းဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှုအားနည်းပါသည်။**

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့် သမဝါယမဦးစီး ဌာနတို့ဖြစ်သည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေ လျှင် (၁၅၀,၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်းဖြစ်ပြီးလတိုးဖြစ်သည်။ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့်လုံလောက်သောချေးငွေပမာဏအားနှစ်ရှည်(အနည်းဆုံး ၃နှစ်) ထုတ်ချေးမည်ဆိုပါကပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်မှာအဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုးရှိပါသည်။အတိုးနှုန်းလည်းမတူချေ။ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ်ထုတ်ချေးနိုင်ပါသည်။ပက်-မြန်မာ၊ ဖူလတန်ငွေကြေးဝန်ဆောင်မှု အဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၄)နှစ်ခန့်ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအားချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီးရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ်ဖြစ်သည်။စိုက်ပျိုးရေးချေးငွေရရှိရန်ပုံစံ (၇) လိုအပ်သည်။သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲရှိနေပါသည်။အဘယ့်ကြောင့်ဆိုသော်ပြန်လည် ပေးဆပ်သည့်ပုံစံမှာ (နှစ်ပတ်လျှင်တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း ၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိခြင်း၊ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများမရှိခြင်းတို့ကြောင့်ဖြစ်သည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ရန်ကုန်-ပုသိမ်ကားလမ်းမှ ပျဉ်းမချောင်း ကျေးရွာသို့ ဘဝိုင်းကျေးရွာအုပ်စု အတွင်းရှိ စာဖြူစု ကျေးရွာမှတစ်ဆင့်ကျေးရွာသို့ (၃)မိုင်ခန့် အတိုင်းအတာရှိသော မြေသားလမ်း ဖြင့်ဆက်သွယ်ထားသော ပျဉ်းမချောင်း – ဇွက်ခီ – နတ်ဆည်ကျေးရွာချင်းဆက် မြေသားလမ်းပေါ်တွင် တည်ရှိပြီး ပျဉ်းမချောင်း ကျေးရွာ **၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်တွင်းလမ်းကို အများဆုံး အသုံးပြုနိုင်ပါသည်။ကုန်းတွင်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ရေကြောင်းလမ်းကို မိုးရာသီတွင်သာ အသုံးပြုနိုင်ပါသည်။ အသုံးပြုသောယာဉ်များမှာ လှေ (၆၆) စီး၊ စက်လှေ(၁၁)စီး၊စက်ဘီး (၃၅) စီး၊မော်တော်ဆိုင်ကယ်(၄၄)စီးနှင့် ထော်လာဂျီ(၅)စီးရှိပါသည်။**

**ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ်ကို ကျေးရွာလူထုမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။မြေသားလမ်းများမှာ မိုးတွင်းကာလများတွင်လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ချိုင့်များဖြစ်ကာသွားလာရအဆင်မပြေမှုများရှိနေပါသည်။ကျေးရွာ၏တံတားတည်ရှိမှုတွင်( ၂၀ပေ၊၁၅ပေ၊၁၂ပေ)သစ်သားတံတား(၁)စင်းရှိပြီး အဆိုပါတံတားမှ သစ်သားတံတားဖြစ်သောကြောင့်ရာသီမရွေးသွားလာနိုင်သော်လည်း တံတား၏ ကြံ့ခိုင်မှုမှာ အားနည်းလျက်ရှိပါသည်။ ကျေးရွာတွင်း ကွန်ကရစ် ရေပြွန်တစ်ခုရှိပြီး အဆိုပါ ရေပြွန်မှာ (အလျား၁၂ပေ-အမြင့်၅ပေ- အနံ ၅ပေ)ရှိပြီး ရာသီမရွေးဖြတ်သန်းသွားလာနိုင်ပါသည်။**

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာမီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့်မီးခွက်ကိုသာသုံးစွဲနေရပြီး ၊ ဆိုလာမီး

အလင်းကိုအိမ်ခြေ(၂၉)အိမ်သာလျှင်မိမိအစီအစဉ်ဖြင့်သာဝယ်ယူသုံးစွဲနေပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် အိမ်ခြေ(၁)နှင့်လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ခြေ(၆၇)အိမ်ခြေရှိပြီး လျှပ်စစ်ဓါတ်အားလိုင်းနှင့်ဝေးကွာပြီး ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်သေးပါသည်။ ကျေးရွာလူထုမှလျှပ်စစ်မီးလင်းရေးကိုသာစိတ်ဝင်းစာကြပါသည်။

(ဂ)သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၆၄)လုံး၊ရေဒီယို (၄)လုံး၊ တီဗွီ (၁၇)လုံး ၊ ဂြိုလ်တုစလောင်း (၁၇)လုံးစသည်တို့မှရရှိသည့်အပြင် Ooredoo, MPT, Mytel, Telenor ဖုန်းလိုင်းများဆက်သွယ်ရေးဆိုင်ရာအခက်အခဲများအထူးတလည်မရှိပေ။

၆။ပညာရေး

ပျဉ်းမချောင်း ကျေးရွာရှိတွင်း အခြေခံပညာ မူလတန်းကျောင်းရှိပြီး ကျောင်းသား/ သူများ ပညာသင်ကြားနေရပြီး အဆိုပါ ကျောင်းဆောင်မှာ(၆၀’x ၃၀’x ၁၀’) ရှိသော တစ်ထပ် အုတ်ကျောင်း ဖြစ်ပြီး အရည်အသွေး ကောင်းမွန်မှုရှိပါသည်။ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ဆရာမ (၄) ဦးရှိပါသည်။ဆရာ၊တပည့်အချိုးအားဖြင့် (၄၀)အောက်ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများခွဲထားပါသည်။အခြေခံပညာမူလတန်းကျောင်းတွင်ကျောင်းသူ/သား (၈၇) ဦးရှိပါသည်။ သောက်သုံးရေကိုကျောင်းဝင်းအတွင်းရှိ လက်နှိပ်တုံကင်မှခပ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲအိမ်သာ (၂)လုံးကလည်းကျောင်းသူ၊ကျောင်းသားများအတွက် လုံလောက်မှုရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများ လိုအပ်ချက်ရှိပါသည်။

ကျေးရွာမှ(၃)နှစ်အထက် ကလေးများ(၁၈)ယောက်ကို မူလတန်းကျောင်းတွင်ပင် မူကြို ကလေးများ အဖြစ်သင်ကြားပေးနေပါသည်။တတ်နိုင်ပါက မူကြိုကျောင်း တစ်ဆောင်လိုအပ်နေပြီး ဆရာ၊ ဆရာမအတွက် ကုန်ကျစရိတ်ကို မိဘများမှကျခံပေးနိုင်ပါသည်။ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်းတစ်ခုလည်းလိုအပ်နေပါသည်။သောက်ရေအတွက် အခက် အခဲရှိသောကြောင့်ကျောင်းသား၊ကျောင်းသူများအတွက်ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တစ်ကန်တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်ရေဖူလုံနိုင်ပေမည်။ကျောင်းသား/သူများ သည် ပန်းတနော်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင်သွားရောက် ပညာသင်ကြားနေ သော်လည်း အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါ လှပါသည်။

ကျေးရွာတွင်စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။မူလ တန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၆၄.၆)ရာခိုင်နှုန်း အထိသာရှိခြင်းနှင့် အလယ်တန်း အဆင့်စာတတ်မြောက်သူများမှာ (၁၁.၅)ရာခိုင်နှုန်း၊အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၈)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၃)ရာခိုင်နှုန်း တို့ရှိခြင်းကြောင့်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူစွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၅)မိုင် အတွင်း ကွာဝေးသော အကယ်ချောင်း ကျေးရွာ တိုက်နယ်ဆေးရုံတွင်အဓိကထား၍ သွားရောက်ပြသပါသည်။အကယ်ချောင်းဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။အသေးစားကျန်းမာရေး နှင့်ဆိုင်သောဆေးဝါးများကို ကျေးရွာအတွင်းရှိကုန်စုံဆိုင်များတွင် အနည်းငယ်ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေးအတွက်က ပန်းတနော်မြို့ပေါ်ရှိ ဆေးဆိုင်တွင်ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များ အတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည် သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်း တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း တစ်ခန်းထားရှိရန်နှင့် ကျန်းမာရေး ဝန်ထမ်းတစ်ဦးရှိခြင်း ဖြင့် ကျေးရွာအတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိလာပါမည်။

ချောင်းရေနှင့်လက်နှိပ်တုံကင်စက်တပ်(၁)တွင်းရှိသော်လည်း သောက်ရေအတွက်လုံလောက် မှု ရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ ကျေးရွာ သောက်ရေ လိုအပ်ချက်ကို ဖြည့်ဆီးရန် အတွက် (၄) လက်မ စက်ရေတွင်းတစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် လိုအပ်နေပါသည်။ ယင်လုံ အိမ်သာသုံးစွဲသောအိမ်ထောင်စုမှာ (၉၆) အိမ်ရှိပြီးယင်လုံအိမ်သာ ဆောက်လုပ်ရာတွင် မြေပြိုခြင်း၊ ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်များပြားမှု ကြောင့် မဆောက်လုပ်နိုင်ကြပဲ အခြား အိမ်သာများတွင် သွားတက်ခြင်းနှင့်တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်မှာအဓိကကျကြောင်းသုံးသပ်ဆွေးနွေးကြပါသည်။

**၈။ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပျဉ်းမချောင်း ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လုပ်စား၊ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့်၄င်းအိမ်ထောင်စု များသည် သဘောဝဘေးနှင့်စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြား အိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ပျဉ်းမချောင်း ကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ၊အနည်းငယ်ရှိပြီး၊အိမ်ထောင်စုများမှစားသုံးရန်ထမင်းဟင်းများချက်ပြုတ်ရန်ထင်းများခုတ် ယူသုံးစွဲသဖြင့်သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။တီဘီရောဂါဖြစ်ပွားသည့် လူနာအငယ်နည်းငယ်ရှိပါသည်။ တိရစ္ဆာန်ရောဂါ များသည့်ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ခွာနာ၊လျှာနာဂေါ်နှင့် ကြက်၊ဖက်၊တုပ်ကွေးရောဂါ များ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

## ၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ပျဉ်းမချောင်း ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေထက်များပါသည်။ ကောက်စိုက်ချိန်တွင်အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့်ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ **နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဈေးဆိုင်ဝန်ထမ်း၊**ပန်းရံ-လက်သမားအလုပ်သမားများအဖြစ် **သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခကျား(၅၀၀၀) ကျပ်၊မ (၄၀၀၀) ကျပ်ရရှိပါသည်။ကျေးရွာအိမ်ထောင်စုပေါင်း (၉၆)စုလုပ်ကိုင်ကြသည်။**ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာပိုမိုများပြားပါသည်။ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတွင်အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။သို့သော်လည်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစား ပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ပျဉ်းမချောင်း | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ | ကျေးလက်ဦးစီး/ပြည်သူ | |
| ၂ | ပျဉ်းမချောင်း | အခြေခံအဆောက်အဦ | စာဖြူစု-ပျဉ်းမချောင်း-နတ်ဆည်ကျေးရွာခြင်းဆက်မြေသားလမ်း | ၂ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| ၃ | ပျဉ်းမချောင်း | အခြေခံအဆောက်အဦ | အိမ်တိုင်ရေသွယ်စနစ်တည်ဆောက်ခြင်း | ၃ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| ၄ | ပျဉ်းမချောင်း | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၄ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| ၅ | ပျဉ်းမချောင်း | စိုက်ပျိုးရေး | ဆည်ကြီး-ပြတန်းကြီးဆည်တူးဖော်ခြင်း | ၅ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| ၆ | ပျဉ်းမချောင်း | ပညာရေး | KG ကျောင်းဆောင်ဆောက်လုပ်ခြင်း | ၆ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| ၇ | ပျဉ်းမချောင်း | မီးလင်းရေး | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၇ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| | | | | | | |
| | | | | | | |

နောက်ဆက်တွဲ(၁)

## ဘဝိုင်းကျေးရွာအုပ်စု၊ပျဉ်းမချောင်းကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းသိန်း | ဦးတေ | ၁၄/ပတန(နိုင်)၀၁၃၃၅၆ | ၅၈ | ဥက္ကဋ္ဌ | ၀၉ – ၇၈၄၀၃၄၃၃၁ |
| ၂ | ဦးလွင်ကို | ဦးအောင်သိန်း | ၁၄/ပတန(နိုင်)၁၂၇၆၆၀ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉ – ၄၀၁၅၂၄၉၆၃ |
| ၃ | ဒေါ်နွယ်နွယ်စိုး | ဦးထွန်းကြည် | ၁၄/ပတန(နိုင်)၁၃၀၃၄၄ | ၄၀ | စာရင်းကိုင် | ၀၉ – |
| ၄ | ဦးတင်ထွန်း | ဦးမောင်လေး | ၁၄/ပတန(နိုင်)၀၅၃၅၄၀ | ၆၇ | ဥက္ကဋ္ဌ<br>(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉ – ၆၆၉၆၂၃၁၉၀ |
| ၅ | ဦးအောင်မြင့် | ဦးမောင်စိန် | ၁၄/ပတန(နိုင်)၁၆၉၇၀၂ | ၆၇ | အဖွဲ့ဝင် | ၀၉ – ၆၈၉၇၇၀၈၉၅ |
| ၆ | ဦးမြသန်း | ဦးပေလူ | ၁၄/ပတန(နိုင်) | ၆၆ | အဖွဲ့ဝင် | ၀၉ – |
| ၇ | ဦးစန်းဝင်း | ဦးဆန်းကေ | ၁၄/ပတန(နိုင်)၂၀၆၆၅၄ | ၄၆ | အဖွဲ့ဝင် | ၀၉ – ၆၇၆၂၅၄၉၁၄ |
| ၈ | ဒေါ်ခင်မိုးမိုး | ဦးမောင်ညိမ်း | ၁၄/ပတန(နိုင်)၂၀၆၅၃၂ | ၃၈ | အဖွဲ့ဝင် | ၀၉ – ၇၇၄၀၄၈၇၆၅ |
| ၉ | ဒေါ်ခင်မြင့်စံ | ဦးဘငွေ | ၁၄/ပတန(နိုင်)၂၁၅၄၆၂ | ၂၉ | အဖွဲ့ဝင် | ၀၉ – ၇၇၁၁၅၅၃၀၈ |
| ၁၀ | ဒေါ်ခင်မြင့်စံ | ဦးသန်းညိမ်း | ၁၄/ပတန(နိုင်) | ၃၂ | အဖွဲ့ဝင် | ၀၉ – |
| ၁၁ | ဦးဇော်မင်းဦး | ဦးသန်းငြိမ်း | ၁၄/ပတန(နိုင်)၁၄၁၃၇၆ | ၄၁ | အတွင်းရေးမှူး | ၀၉ – ၆၈၂၇၁၇၁၉၀ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ | ၁ | ၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၆ | ၁၀ | ၃၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၆ | ၃၂ | ၆၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၂၄ | ၄၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၇ | ၁၃၁ | ၂၆၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၇ | ၁၇ | | |
| စုစုပေါင်း | | ၂၃၅ | ၂၀၉ | ၄၄၄ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | (၉၆)အိမ်ထောင်စု | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ပျဉ်းမချောင်းကျေးရွာတွင် နို့စို့ကလေး(၁၀)ဦး၊ (၅)နှစ်အောက်ကလေးငယ်(၃၆)ဦး၊ (၅)နှစ်မှ (၉)နှစ်အထိ ကလေးငယ်(၆၈)ဦး ၊ (၁၀)နှစ်မှ (၁၄)နှစ်အထိ(၄၅)ဦး၊ (၁၀)နှစ်မှ(၁၄)နှစ်အထိ(၄၅)ဦး၊ (၁၅)နှစ်မှ (၆၄)နှစ် အထိ အလုပ်လုပ်နိုင်သူ ဦးရေ (၂၆၈)ဦး ရှိပြီး (၆၅)နှစ် အထက် သက်ကြီးရွယ်အိုဦးရေ(၁၇)ဦး စုစုပေါင်း (၄၄၄)ဦး၊ မသန်စွမ်းသူ(၂)ဦးရှိကြောင်း မိမိတို့ကျေးရွာအနေဖြင့် ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ နည်းပါးပြီး အလုပ်လုပ်နိုင် သော လူဦးရေများပြားနေသည့် အတွက် အလုပ်အကိုင် လုပ်ကိုင်နိုင်သော အခြေအနေကောင်းများ ကျေးရွာတွင် ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၇ | ၄၆ | ၅ | ၃၂ | ၁၄ | ၂၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၃၂ | ၅ | ၁၈ | ၁၄ | ၈ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၈ | ၃၀ | ၅ | ၁၈ | ၁၂ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၂၆ | - | ၁၁ | ၁၅ | ၁၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၆ | | ၄ | ၂ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | - | ၃ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | - | ၃ | | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၆ | ၂ | ၃ | ၃ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | - | ၁ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | - | - | - | - | - | - | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဧ ချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၈ | ၆ | ၄ | ၄ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | - | ၁ | ၂ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / | ၅ | ၉ | ၅ | ၂ | ၇ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | ဦးရေ | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြပါ စာရင်းဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၉၆ | ၁၃၇ | ၂၈ | ၉၃ | ၄၅ | ၂၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ “ **ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”**ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင် လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။ မိမိတို့ ပျဉ်းမချောင်း ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၆)အိမ်ထောင်စုရှိပြီး မိသားစုဝင်လုပ်အားမှာ စုစုပေါင်း(၁၃၇)ဦးရှိကြောင်း၊အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုပေါင်း (၂၈)စုရှိပါသည်။ ကျေးရွာတွင်အလုပ်လုပ်ကိုင်လျက်ရှိသောလူဦးရေမှာ အမျိုးသား(၁၀၁)ဦးရှိပြီး အမျိုးသမီးဦးရေ(၇၄)ဦးရှိပါကြောင်း အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်ပဲ အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ ဦးရေမှာ (၄၁)ဦးခန့် စစ်ဆေးတွေ့ရှိရ သည့်အတွက်ကျေးရွာတွင်းရှိအလုပ်လုပ်နိုင်သောလူစွမ်းအားအမြစ်ကိုပိုင်ဆိုင်ထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။**

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၁၅၀၀ | ၂၅၀၀ | ၁၀၀၀ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၅၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ မိမိတို့ ပျဉ်းမချောင်းကျေးရွာတွင် လုပ်ငန်းများအလိုက် ကျား/မအလိုက် အနည်းဆုံးလုပ်အားခနှင့်အများဆုံးလုပ်အားခအတွက် သတ်မှတ်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် အများဆုံး ကျား(၅၀၀၀)၊ မ(၃၀၀၀)ဖြစ်ပြီး၊ အနည်းဆုံး ကျား(၄၀၀၀) ၊ မ(၂၅၀၀)ခန့်ရှိကြောင်း ၊ အခြား အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊အခြားအရပ်များတွင် စီးပွားရေးသွားရောက်လုပ်ကိုင်ပါက ကျားတစ်ဦးလျှင် အများဆုံး (၇၀၀၀)၊ မတစ်ဦး လျှင် (၅၀၀၀)ခန့်၊ အနည်းဆုံး ကျား(၁)ဦးလျှင် (၅၀၀၀)၊ မ(၁)ဦးလျှင် (၃၅၀၀)ကျပ်ခန့် ရရှိကြောင်းတွေ့ရှိရသည့် အတွက် မိမိတို့ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများအား မိသားစုဝင်ငွေ တိုးပွားနိုင်ရေး အတွက် အသက်မွေးဝမ်း ကျောင်းပညာရပ်များ၊ အခြားအိမ်တွင်းမှုသင်တန်းများ လာရောက်သင်ကြားပေးပါက မိသားစုဝင်ငွေတိုးပွားကာကျေးရွာ ၏ ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည့် ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၁၈ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၈.၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၃၃၆.၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ ပျဉ်းမချောင်းကျေးရွာတွင် စိုက်ပျိုးနိုင်သော လယ်ယာမြေ (၃၁၈)ဧကရှိပြီး လယ်ယာမြေ၏ လက်ရှိအခြေအနေမှာ အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ ပိုင်ဆိုင်သည့် ဥယျာဉ်ခြံမြေ ဧက(၁၈.၅)ဧက ရှိပြီး ကျေးရွာရှိမြေများ၏ အရေအသွေးမှာ အလွန်ပင်ညံ့ကြောင်း တွေ့ရှိရပါသည်။ နှစ်စဉ်ထုံးများ ဓာတုမြေဩဇာများအလွန်အကျွံသုံးစွဲထားရသဖြင့်ကျေးရွာ၏မြေယာများမှာညံ့နေ ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ မိမိတို့ပျဉ်းမချောင်းကျေးရွာတွင် ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များအနေဖြင့်ကျေးရွာအတွင်း သဲအနည်းသာတူးဖော်ရရှိပါသည်။ကျေးရွာအတွင်း သဘာဝအပင်မျိုးစိတ်များ အနည်းငယ်သာရှိပါသည်။

သဘာဝ တိရစ္ဆာန်မျိုးစိတ်များအနေဖြင့် အနည်းငယ်သာရှိပြီး အပြောင်းအလဲမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်း မြေပေါ်ရေ အဖြစ်မိုးရေနှင့် ရေတွင်းရေများကို အနည်းငယ်အားထားပြီး မြေအောက်ရေအဖြင့် တွင်းတိမ်တွင်းများ သာတူးဖော်ရရှိပြီး ရေအခက်အခဲအနည်းငယ်ရှိပြီး ဌာနမှာ သန့်ရှင်းသော တွင်းနက်တစ်တွင်း တူးဖော်ပေးသော်လည်း ကျေးရွာအတွင်းရှိ လူနေအိမ်များ အနည်းငယ် အလှမ်းဝေးကွာသဖြင့် အိမ်တိုင် ရေသွယ်စနစ် လုပ်ကိုင်နိုင်ရေး အမြင့်တင်ရေစင်တစ်ခုပြုလုပ်ပေးပါက ကျေးရွာသူ/သားများအနေဖြင့် ကျန်းမာရေး ၊ အာဟာရနှင့် ဉာဏ်ရည်ဉာဏ်သွေးများ ကောင်းမွန်လာမည့် ဖြစ်ကြောင်း ၊ ကျေးရွာတွင် အပူပိုင်း သစ်တောနှင့် ဒီရေတောများ မရှိပါကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၁၅ | ၃၂ | ၃၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။ ကျေးရွာအတွင်း စီးပွာရေးအဆင်ပြေသော အိမ်ထောင်စု(၁၀)စုရှိပြီး အလယ်အလတ်အဆင့်ရှိသူအိမ်ထောင်စုဝင်ပေါင်း(၂၅)စု၊ဝင်ငွေနှင့် စီးပွားရေးအသင့်အတင့်ရှိသူအိမ်ထောင်စု(၃၂)စုရှိပြီး ဝင်ငွေနှင့်စီးပွားရေးနိမ့်ပါးသော အိမ်ထောင်စု(၃၉)စုရှိကြောင်း တွေ့ရှိရပြီး ကျေးရွာသူ/သားများ၏ မိသားစုဝင်ငွေနှင့် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ၊ အတိုးနှုန်းနည်းပါးသော စီမံကိန်းများဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င)  ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၇ | ၇ | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ =၅<br>ချေးယူ = ၇<br>လုပ်အားခကြိုယူ = - |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၅ | ၂ | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ =၃<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = - |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၀ | ၉ | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ =၇<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = - |

ရင်းမြစ်..ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။ မိမိတို့ ပျဉ်းမချောင်း ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုဝင်(၃၀)ရာခိုင်နှုန်းအား လေ့လာရင်တွင် (၃)လအောက်ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၇)အိမ်၊(၃)လနှင့်(၆)ကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၅)စုနှင့်(၆)လမှ(၁၂)အထိ အိမ်ထောင်စု(၁၂) စုစုပေါင်း (၁၀)အိမ်ထောင်စုရှိပြီး ညီအကိုမောင်နှမများ၊ ဆွေမျိုးသားချင်း များ၊ချေးငွေများ၊လုပ်အားခကြိုယူစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ အား အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမတည်ငွေများ ထူထောင်ပေးခြင်းဖြင့် ကျေးရွာ၏ လူမှုစီးပွားဘဝ မြင့်တက် လာမည့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၇ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ မိမိတို့ ပျဉ်းမချောင်း ကျေးရွာတွင် မိသားစုစောက်ရှောက်မှု မရှိသော (၆၄)နှစ် နှင့်အထက် သက်ကြီးရွယ်အိုများမရှိပါ။မိသားစု/ရပ်ရွာမှ စောက်ရှောက်မှု မရှိသော မသန်စွမ်းသူများ မရှိပါကြောင်း ၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုဝင်များ အနေဖြင့် (၁၈)အိမ်ထောင်စု၊ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၁၁) စု၊ အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင် နေသည့် ဆင်းရဲသည့်အိမ်ထောင်စု(၇)စုရှိကြောင်း သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ဆင်းရဲသော အိမ်ထောင်စုများ အတွက် ကျန်းမာရေးစောက်ရှောက်မှု အရေးပေါ် သွားလာနိုင်သည့် လူနာတင်ယာဉ်များ၊ ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးပါက ပိုမိုအကျိုးရှိမည့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | - | - | - | - | - | - |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | - | - | - | - | - | - |
| ၃ | မုန်တိုင်းဒီရေ | - | - | - | - | - | - |
| ၄ | ဆူနာမီ | - | - | - | - | - | - |
| ၅ | တိုင်ဖုန်းမုန်တိုင်း | - | - | - | - | - | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၆ | လေဆင်နှာမောင်း | - | - | - | - | - | - |
| ၇ | လျှော် | - | - | - | - | - | - |
| ၈ | အပူလှိုင်း | √ | - | - | - | - | - |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | - | - | - | - | - | - |
| ၁၀ | အအေးလှိုင်း | √ | - | - | - | - | - |
| ၁၁ | မိုးသီးကြွေကျမှု | - | - | - | - | - | - |
| ၁၂ | မိုးခေါင်ခြင်း | - | - | - | - | - | - |
| ၁၃ | တောမီးလောင်ခြင်း | - | - | - | - | - | - |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | - | - | - | - | - | - |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | - | - | - | - | - | - |
| ၁၆ | မြေပြိုခြင်း | - | - | - | - | - | - |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | | | | | | |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | - | √ | - | - | - | - |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | - | - | √ | - | - | - |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | - | √ | - | - | - | - |
| ၂၀ | သစ်တောပြုန်းတီးခြင်း | - | √ | - | - | - | - |
| ၂၁ | ငှက်ဖျားရောဂါ | - | √ | - | - | - | - |
| ၂၂ | တီဘီရောဂါ | - | √ | - | - | - | - |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | √ | - | - | - | - | - |
| ၂၄ | ကပ်ရောဂါ | √ | - | - | - | - | - |
| ၂၅ | ပြည်တွင်းပဋိပက္ခ | - | - | - | - | - | - |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | - | √ | - | - | - | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၇ | လူကုန်ကူးခြင်း | - | - | - | - | - | - |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | - | √ | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။(ဥပမာ။။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်၊အိမ်ထောင်စု၁၀၀ တွင် ၂၅မှ၅၀ အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။ မိမိတို့ ပျဥ်းမချောင်း ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေမှာ မြစ်ရေကြီးခြင်းအနည်းငယ်ရှိပါသည်။ မုန်တိုင်း ၊ ဆူနာမီ ၊ တိုင်ဖွန်းမုန်တိုင်း ၊ လေဆင်နှာမောင်း ၊ ငလျင် ၊ အပူလွန်ကဲခြင်း ၊ စိုက်ပျိုးမြေများတွင်ရေငန်ဝင်ရောက်မှု၊အအေးလွန်ကဲမှု ၊ မိုးသီးမုန်တိုင်း၊မိုးခေါင်ခြင်း၊တောမီးလောင်ခြင်း၊ မြစ်ကမ်းပါးပြိုကျခြင်း၊ကမ်းရိုး တန်းတိုက်စားမှုနှင့်မြေပြိုခြင်းများတွင် သဘာဝဘေးအန္တေရာယ်အနေဖြင့် အပူချိန်လွန်ကဲခြင်းနှင့် အအေးလွန်ကဲခြင်းသာ အနည်းငယ်ရှိပြီး ကျန်ရှိသည့်အရာများမရှိပါ။လူကြောင့်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များ အနေဖြင့် မြေဆီလွှာ ပျက်ဆီးခြင်း ၊ ငှက်ဖျားရောဂါ ၊ တီဘီရောဂါ၊ ကူးစက်ရောဂါများ အနည်းငယ်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးရွာတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | √ | - | - | √ | - | - |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | √ | - | - | √ | - | - |
| ၃ | ဆင်းရဲသားတောင်သူ | √ | - | - | √ | - | - |
